mgyoe.com

SAMPLE BOOK

# ပါရဂူ

## သန္တိနှင့်သုခ

တတိယအကြိမ်

designed - Vecteezy-MANDALA

mgyoe.com

mgyoe.com SAMPLE BOOK

အယူဝါဒတစ်ခုခု သို့မဟုတ် ယုံကြည်ယူဆချက်တစ်ခုခု
ချည်တိုင်နှင့် ကျဉ်းမြောင်းစွာ အချည်ခံရပြီး
ခေတ်နှင့် မလျော်တော့သော ရှေးဟောင်း
အစဉ်အလာများ သို့မဟုတ် ဓလေ့ထုံးစံများ၏
သြဇာသက်ရောက်မှုအောက်တွင်
ရောက်နေကြမည်ဆိုလျှင်
ကျွန်ုပ်တို့သည် ရှေ့သို့
တိုးတက်သွားနိုင်လိမ့်မည် မဟုတ်ပေ။

လူတို့သည် တစ်ယောက်အကျိုး
တစ်ယောက်ဆောင်ရွက်မှသာ ရှေ့သို့
တိုးတက်သွားနိုင်သည်။
သူက မိမိထက်နိမ့်ကျသည်။
မိမိက သူ့ထက်သာလွန်သည်။ ကြီးကျယ်သည်ဟူသော
အတွေးမျိုး၊ လူတန်းစားခွဲခြားခြင်း အသိမျိုးကို စွန့်ပယ်မှသာ
လူ့အဖွဲ့အစည်းသည် ရှေ့သို့တိုးတက်သွားနိုင်သည်။
ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် တစ်ယောက်နှင့်တစ်ယောက်
တူညီမျှတမှု စိတ်ဓာတ်ထားသင့်သည်။
အချင်းချင်း ရိုင်းပင်းကူညီသင့်သည်။
တစ်ဦးအကျိုး တစ်ဦး ဆောင်ရွက်သင့်သည်။
နိုင်ငံရေးစနစ်၌လည်း တစ်ဖက်စွန်းရောက်ဝါဒသည်
ငြိမ်းချမ်းမှုကို ပျက်ပြားစေနိုင်သည်။

ISBN9789997137647
PYG90
9 789997 137647
MMK 7,000.00

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သန္တိနှင့် သုခ

ပါရဂူ

တတိယအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

သန္တိနှင့် သုခ၊ ပါရဂူ
စာမျက်နှာ ၁၇၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဩဂုတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၆၊ အိပ်မက်ရိပ်စာပေ၏ ပထမအကြိမ်မူ။

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| – | စကားဦး | (က) |
| ၁။ | လူသား | ၁ |
| ၂။ | တူညီမျှတမှုနှင့် လွတ်လပ်မှု | ၁၉ |
| ၃။ | ပစ္စည်းထုတ်လုပ်မှုနှင့် ဖြန့်ဝေမှု | ၂၄ |
| ၄။ | ဥစ္စာဓနေ | ၃၃ |
| ၅။ | လူ့အဖွဲ့အစည်း | ၄၇ |
| ၆။ | ပုဂ္ဂိုလ်တစ်ဦးချင်း | ၅၉ |
| ၇။ | ဘာသာတရား | ၆၉ |
| ၈။ | လူ့ဘဝ | ၇၇ |
| ၉။ | ထိတ်လန့်ခြင်းနှင့် ကျန်းမာခြင်း | ၉၀ |
| ၁၀။ | ရှေ့သို့ | ၁၀၈ |
| ၁၁။ | တုံ့ပြန်မှု | ၁၂၂ |
| ၁၂။ | လူ့ကျင့်ဝတ် | ၁၃၁ |
| ၁၃။ | ကလေးသူငယ်နှင့် လူကြီးမိဘ | ၁၃၆ |


mgyoe.com

mgyoe.com SAMPLE BOOK
၁၄။ မိသားစု ၁၄၅
၁၅။ ကတည်းက ကတဝေဒီ ၁၅၀
၁၆။ သန္တိနှင့် သုခ ၁၅၄

■

mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

ယခုအချိန်ထိ စာအုပ်အမျိုးအစား တစ်ရာကျော် ရေးပြီးပြီ။ မိမိရေးပြီး စာအုပ်များထဲတွင် ဘာသာပြန် လည်းပါသည်။ ပင်ကိုရေးလည်းပါသည်။ ဘာသာပြန် စာအုပ်နှင့် ပတ်သက်၍မူ အထူးပြောစရာလိုမည်မထင်။ မိမိဘာသာပြန်သော စာအုပ်များ၌ မူရင်းစာအုပ်ကို ဖော်ပြထားသည့်အပြင် မြန်မာပြန်ကိုလည်း မူရင်း စာအုပ်နှင့် ဝေးမသွားအောင် တတ်နိုင်သမျှ ကြိုးစား အားထုတ်ထားသည်။ မိမိ၏ ဘာသာပြန်ဝတ္ထုများထဲ တွင် မူရင်းကို မှီးရုံမျှလောက်သာ မှီးလျက်၊ အခြေခံရုံ မျှသာ အခြေခံလျက် မြန်မာ့အသွင် လုံးလုံးပြောင်းထား သော မြန်မာဝတ္ထုလုပ်ထားသော ဝတ္ထုမျိုးမရှိပေ။

မိမိ၏ ပင်ကိုရေးများနှင့်ပတ်သက်၍မူ ပြော စရာရှိနေသည်။ မိမိ၏ ပင်ကိုရေးများထဲတွင် သုံးမျိုး

mgyoe.com

mgyoe.com
SAMPLE BOOK


သုံးစားရှိနေသည်။ ပထမအမျိုးအစားမှာ ကိုယ်ပိုင်အတွေ့အကြုံသက်သက်ကိုသာ အခြေခံလျက် ကိုယ်ပိုင်အတွေးအခေါ်ကို လွတ်လွတ်လပ်လပ် ရေးသောအမျိုးအစားဖြစ်သည်။ ယင်းအမျိုးအစားထဲက အဓိကစာများမှာ မိမိအကြောင်းရေးသော စာများဖြစ်သည်။ ဒုတိယအမျိုးအစားမှာ ကိုယ်တွေ့နှင့် စာတွေ့ နှစ်မျိုးရောနေသော စာများဖြစ်သည်။ မိမိကိုယ်တွေ့ရေးသော်လည်း မိမိဖတ်ထားသော စာအုပ်များ၏ဩဇာ သိသိသာသာ လွှမ်းမိုးနေသော သို့မဟုတ် မသိမသာ လွှမ်းမိုးနေသော စာများဖြစ်သည်။ တတိယအမျိုးအစားမှာ ကိုယ်တွေ့မပါဘဲ စာတွေ့ သို့မဟုတ် ထိုထိုစာအုပ်များထဲက ထုတ်နုတ်ရေးသားထားသော စာများဖြစ်သည်။

ယခု စာရှုသူ၏ လက်ထဲရောက်နေသော 'သန္တိနှင့် သုခ'မှာ မိမိရေးသော စာအုပ်ထဲက ဒုတိယအမျိုးအစား ဖြစ်သည်။ ဒုတိယအမျိုးအစားဖြစ်ကြောင်း အောက်ပါခေါင်းစဉ်များက သက်သေခံနေသည်။

(၁) လူသား၊ (၂) တူညီမျှတမှုနှင့် လွတ်လပ်မှု၊ (၃) ပစ္စည်းထုတ်လုပ်မှုနှင့် ဖြန့်ဝေမှု၊ (၄) ဥစ္စာဓနေ၊ (၅) လူ့အဖွဲ့အစည်း၊ (၆) ပုဂ္ဂိုလ်တစ်ဦးချင်း၊ (၇) ဘာသာတရား၊ (၈) လူ့ဘဝ၊ (၉) ထိတ်လန့်ခြင်းနှင့် ကျန်းမာခြင်း၊ (၁၀) ရှေ့သို့၊ (၁၁) တုံ့ပြန်မှု၊

mgyoe.com

mgyoe.com
SAMPLE BOOK



(၁၂) လူ့ကျင့်ဝတ်၊ (၁၃) ကလေးသူငယ်နှင့် လူကြီးမိဘ၊ (၁၄) မိသားစု၊ (၁၅) ကတည္တတကတဝေဒီ၊ (၁၆) သန္တိနှင့် သုခ။

အထက်ပါ ခေါင်းစဉ်များကိုကြည့်လျှင် 'သန္တိနှင့် သုခ' စာအုပ်သည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံအရေး၊ မိသားစုအရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့ကျင့်ဝတ် စသော လူ့ဘဝ၏ နယ်စုံ၊ ထောင့်စုံနှင့် ပတ်သက်သော ပြဿနာများကို ဆွေးနွေးတင်ပြထားသော စာအုပ်ဖြစ်ကြောင်း သိရှိရပေလိမ့်မည်။ စာမျက်နှာမများသော စာအုပ်ငယ်ပင် ဖြစ်သော်လည်း ယခုကဲ့သို့ လူ့ဘဝတစ်ခုလုံးနှင့် ပတ်သက်ပြီး ခြုံငုံသုံးသပ်ထားခြင်းဖြစ်၍ မိမိ၏ဦးနှောက်က စီးဆင်းလာသော မင်းရည်သည် 'သန္တိနှင့် သုခ'၌ ဖော်ပြပါရှိသော စာအလုံးစုံကို အက္ခရာတင်နိုင်စွမ်း ရှိလိမ့်မည်။ 'သန္တိနှင့် သုခ' စာအုပ်အပေါ်တွင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ထိုထိုစာအုပ်များ၏ ဩဇာလွှမ်းမိုးမှုရှိနေသည်မှာ အမှန်ဖြစ်သည်။ 'သန္တိနှင့် သုခ' စာအုပ်၌ 'စာတွေ့' နှင့် 'ငါတွေ့' နှစ်မျိုး ထွေးရောယှက်နေကြောင်း ဝန်ခံပါသည်။ ။

ပါရဂူ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## လူသား

လူသားသည် ကမ္ဘာလောက၏ အဆင်တန်ဆာဖြစ်သည်။ လူသားသည် မိမိ၏ အသိဉာဏ်ပညာကို အခြေခံလျက် ကျိုးကြောင်းဆင်ခြင် တိုင်းထွာမှုဖြင့် ယဉ်ကျေးမှုကို ဖွံ့ထွားစည်ပင်အောင် ပြုလုပ်သည်။ လူသားသည် စာပေ၊ အနုပညာ၊ ဒဿန၊ သိပ္ပံပညာ စသည်တို့ကို တီထွင်ဖန်တီးပြီး တိုးတက်စည်ပင်လာအောင် ပြုလုပ်သည်။

လူသားသည် ပင်လယ်သမုဒ္ဒရာ ရင်ခွင်တွင် သင်္ဘောကြီးများကို သွားလာ၍ရအောင် ပြုလုပ်သည်။ ပင်လယ်သမုဒ္ဒရာ၏ နက်ရာသို့ဆင်းပြီး ပင်လယ်ကြမ်းပြင်ကို ကြည့်ရှုလေ့လာသည်။

လူသားသည် အလွန်တရာ မြင့်မားသော တောင်

mgyoe.com

mgyoe.com SAMPLE BOOK


ထွတ်တောင်ထိပ်များပေါ်တက်၍ အောင်တံခွန် အောင်လံလွှင့်ထူသည်။ အာကာသကောင်းကင်၌ လှည့်လည်ပြီး တခြားဂြိုဟ်များပေါ် နေ၍ရအောင် ပြုလုပ်ဖန်တီးသည်။

တိရစ္ဆာန်လောက၌ တိရစ္ဆာန်တို့သည် မိမိတို့၏ ခိုင်မာသန်စွမ်းသော ခြေသည်း၊ လက်သည်း၊ ခွာ၊ အမြီး၊ သွား၊ ဦးချို စသည်တို့၏ အကူအညီဖြင့်လည်း မိမိတို့ကိုယ်ကို မကာကွယ်နိုင်ကြပေ။ လူသားကမူ ယင်းအရာဝတ္ထုများမပါဘဲ အသိဉာဏ်ပညာ၏ အကူအညီဖြင့် သဘာဝအပေါ်တွင် အောင်လံစိုက်ထူ လျက် အောင်စည်အောင်မောင်း ဆော်ရွမ်းတီးခတ် နိုင်သည်။

လူသား၏ဘဝသည် ကြီးမားမြင့်မြတ်သည်။ လူသားသည် စင်ကြယ်သည်။ မြင့်မြတ်သည်။ လူသား တွင် ကိုယ်ပိုင် သီးခြားစွမ်းရည် သတ္တိရှိသည်။ လူ့ အဖွဲ့အစည်း မြေမျက်နှာပြင်ပေါ်၌ လူသား၏ ဂုဏ် သိက္ခာကို လက်ခံပြီးလျှင် လူသားနှင့်ပတ်သက်၍ တရားမျှတစွာ ပြုမူဆက်ဆံခြင်းသည် လည်းကောင်း၊ လူသားအား ဥစ္စာနေနှင့် အာဏာတန်ခိုးထက် အဆင့် မြင့်သော နေရာပေးခြင်းသည် လည်းကောင်း၊ လူသား အား အဆင့်အမြင့်ဆုံး သက်ရှိသတ္တဝါအဖြစ် လေးစား

mgyoe.com

mgyoe.com
SAMPLE BOOK


သမ္မုပြုခြင်းသည် လည်းကောင်း လူသားတို့၏ လိုလား တောင့်တချက်များဖြစ်သည်။

လူယုတ်မာ၊ သူတော်ကောင်း၊ မတရားသူ၊ တရားသူ၊ အလုပ်သမား၊ အလုပ်ရှင်၊ အအုပ်ချုပ်ခံ၊ အုပ်ချုပ်သူ မည်သူမဆို အားလုံးပင် လူသားများသာ ဖြစ်ကြသည်။ လူသားကို မည်သည့်အခြေခံ၌မဆို လေးစားသမ္မုပြုသင့်သည်။

လူသားသည် တစ်မျိုးတည်းသာ ဖြစ်သည်။ အမေရိကန်ဖြစ်စေ၊ အင်္ဂလိပ်ဖြစ်စေ၊ မြန်မာဖြစ်စေ၊ တရုတ်ဖြစ်စေ၊ လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ အားလုံး လူသားအဖြစ်ဖြင့် ခြားနားခြင်းမရှိပေ။ အားလုံးလူသား ချည်းဖြစ်သည်။ တစ်ဦးတည်းဖြစ်သည်။ တစ်မျိုးတည်း ဖြစ်သည်။ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ နေရာဒေသ၊ တိုင်းပြည် နိုင်ငံ ကွဲပြားခြားနားခြင်းများ ရှိသော်လည်း လူသားအမျိုးဇာတ်သည် တစ်ခုတည်း သော လူသားသာ ဖြစ်သည်။

လူသား၏ အတွေးအခေါ် သို့မဟုတ် အတွေ့ အကြုံ၌ ရှိနေသော မြင့်မြတ်ကောင်းမွန်သည့် အချက် အလက်များသည် ဤလူ၏အပိုင်လည်း မဟုတ်ပေ။ ထိုလူ၏အပိုင်လည်း မဟုတ်ပေ။ လူမျိုးတစ်မျိုး၏ အပိုင်လည်း မဟုတ်ပေ။ တိုင်းပြည်တစ်ပြည်၏ အပိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


လည်း မဟုတ်ပေ။ အားလုံး၏ အပိုင်ဖြစ်သည်။ တစ်ကမ္ဘာလုံး၏ အပိုင်ဖြစ်သည်။ ဝိဇ္ဇာပညာ၊ သိပ္ပံပညာ၊ ယဉ်ကျေးမှုတို့သည် အားလုံးပင် လူသား၏ အပိုင်ပစ္စည်းဖြစ်သည်။ အတွေးအခေါ်တစ်ခုခုသည် အခြားတိုင်းပြည် တစ်ပြည်ပြည်၌ အခြားဘာသာ စကား သုံးစွဲပြောဆိုကြသည့် လူများကြောင့် ဖြစ်ပေါ်ပေါက်ဖွားလာခြင်း ဖြစ်သော်လည်း ယင်းအတွေးအခေါ်သည် ကျွန်ုပ်တို့၏ အတွေးအခေါ်လည်း ဖြစ်သည်။ အားလုံး၏ အတွေးအခေါ်လည်းဖြစ်သည်။

အရှေ့နှင့်အနောက် တောင်နှင့်မြောက် ကွဲပြားခြားနားခြင်းများသည်လည်းကောင်း၊ ဒေသန္တရ ကွဲပြားခြားနားခြင်းများသည်လည်းကောင်း၊ ရာသီဥတုနှင့် ပထဝီအနေအထား ကွဲပြားခြားနားခြင်းသည်လည်းကောင်း အချင်းခပ်သိမ်း အခြေအမြစ်မရှိပေ။

ဂိုဏ်းဂဏအစွဲ၊ ဘာသာတရားအစွဲ၊ လူမျိုးအစွဲ၊ အဖွဲ့အစည်းအစွဲများကို အကြောင်းပြုလျက် စံများ၊ တန်ဖိုးများကို သတ်မှတ်ဆုံးဖြတ်ခြင်းသည် ကျဉ်းမြောင်းသော ပတ်ဝန်းကျင်၌ လူသားကို လည်မျိုညှစ်ခြင်းမျိုးသာ ဖြစ်သည်။

လူသား၏ လက်တစ်ကမ်း၌ရရှိသော မည်သည့်အရာဝတ္ထုမဆို မည်သည့်တိုင်းပြည်၊ မည်သည့်

mgyoe.com

mgyoe.com
SAMPLE BOOK


နယ်မြေ၌ ဖြစ်ပေါ်ပေါက်ဖွားလာလာ လူသား၏အပိုင် အရာဝတ္ထုသာ ဖြစ်သည်။ အားလုံး၏အပိုင် အရာဝတ္ထုသာ ဖြစ်သည်။ ဓမ္မကျမ်းဂန်များသည် မနုဿလူသား၏ အမွေအနှစ်များ ဖြစ်ကြသည်။ တမန်တော်နှင့် သူတော်သူမြတ်များအပေါ်၌ လူမျိုးတစ်မျိုး၊ တိုင်းပြည် တစ်ပြည်တည်းက ပိုင်ဆိုင်ခွင့်မရှိပေ။ တမန်တော်နှင့် သူတော်သူမြတ်များသည် တစ်မျိုးတည်းသော လူသား၏ လမ်းညွှန်၊ လမ်းပြ၊ အဖိုးတန် ရတနာများ ဖြစ်ကြသည်။ နယူတန်၊ အိုင်စတိုင်း၊ ကာလီဒါသ၊ ဒန်တေ၊ ဟိုးမား၊ ဂေတေ၊ ရှိတ်စပီးယား၊ မီလတန်၊ ရှေးခ်ဆာဒီ၊ မန်လည်ဆရာတော် စသည်တို့သည် လူသားများ၏ အကျိုးဆောင်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဆိုကရေတီး၊ ပလေတို၊ အရစ္စတိုတယ်၊ ဟေဂဲလ်၊ ကန့်၊ စပင်နိုဇာ၊ ဖရိုက်၊ ဒါဝင်၊ စပင်စာ၊ ရှုဆိုး၊ မီးလ်၊ မာ့က်စ်၊ အင်ဂျီးလ်၊ ရပ်စကင်း၊ တော်လ်စတွိုင်း၊ အင်မာဆန်၊ ရပ်စဲလ်၊ ဂန္ဒီ စသည်တို့၏ အတွေးအခေါ် အယူအဆများ၌ ကွဲပြားခြားနားမှု ရှိချင်ရှိမည်ဖြစ်သော်လည်း မူရင်းအခြေခံအရ မူရင်း ဒဿနပညာရှင် အားလုံးသည် လူသား၏ ကောင်း ကျိုးအတွက်သာ တွေးခေါ်ကြံဆပြီး ပရဟိတ အခြေခံ ပေါ်၌ ရပ်တည်လျက် အတွေးအခေါ် အယူအဆသစ်

mgyoe.com

mgyoe.com SAMPLE BOOK


များကို မွေးဖွားပေါ်ပေါက်စေခဲ့ကြခြင်း ဖြစ်သည်။

ယင်းပညာရှင်များသည် လူသားအတွက် ထာဝရ အားပေးလှုံ့ဆော်မှုများကို ပြုလုပ်နေကြသူများ ဖြစ်ကြသည်။ လူသားတို့၏ဘဝကို အဆင့်မြှင့်တင်ရန် အတွက် ပူးပေါင်း၍ဖြစ်စေ၊ တစ်ဦးတစ်ယောက်တည်း ဖြစ်စေ ကြိုးစားအားထုတ်ကြရန် အားပေးလှုံ့ဆော်သူ များ ဖြစ်ကြသည်။ လူသားများ၏ တိုးတက်မှုအတွက် အကူအညီပေးပြီးလျှင် ဝင်းလက်တောက်ပသော စံနမူ များကို တင်ပြကြသူများဖြစ်သည်။

မဟာပုရိသများကို တစ်ဦးနှင့်တစ်ဦး နှိုင်းယှဉ် ကြည့်ခြင်း၊ တစ်ဦးကို အခြားတစ်ဦးထက် သေးငယ် သည် သို့မဟုတ် ကြီးကျယ်သည်ဟူ၍ အကဲဖြတ်ခြင်း များသည် မဟာပုရိသများနှင့် ပတ်သက်၍ မသင့်တော် မလျော်ကန်သော အလုပ်ကို ပြုလုပ်ခြင်းဖြစ်သည်။ ဖားသူငယ်က ဆင်ကို တိုင်းတာကြည့်သည်နှင့်တူနေ သည်။ အားလုံးပင် မိမိတို့နေရာ၌ ကြီးကျယ်သူများ ဖြစ်ကြသည်။ အားလုံးထံမှ လှုံ့ဆော်အားပေးမှု ရယူ သင့်သည်။ အဆုံးအမ ဥပဒေသ ရယူသင့်သည်။

မဟာပုရိသများသည် တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်မဖြစ်ကြပေ။ တစ်ဦးသည် အခြား တစ်ဦး၏ အဖြည့်ခံဖြစ်သည်။ မဟာပုရိသများတွင်

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ခေတ် သူ့အခါနှင့် သူ့တိုင်းပြည် သူ့ဒေသ၏ ထူးခြားချက်များရှိသည်။ အဆင်ခြင်၊ အစဉ်းစားရှိသော လူများသည် နိမ့်ချရိုကျိုးစွာဖြင့် မဟာပုရိသတို့ထံမှ အဆုံးအမများကို ရယူပြီးလျှင် မိမိတို့၏ဘဝကို ဝင်းလက်တောက်ပအောင် ပြုလုပ်ကြသည်။

မဟာပုရိသတို့သည် လူသားအားလုံး၏ ကျေးဇူးရှင်များဖြစ်ကြသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် မိမိတို့ လက်ရှိအခြေအနေ၊ လက်ရှိအဆင့်ထက် ရှေ့တိုးသွားသင့်သည်။ အသိပညာသည် နိဂုံးချုပ်သွားသည် ဟူ၍ မရှိပေ။ မည်သူ၏စကားမျှ အပြီးသတ်စကား မဖြစ်နိုင်ပေ။

**ကမ္ဘာလောကသည် ဖွင့်ထားသော စာသင်ကျောင်းတစ်ကျောင်း ဖြစ်သည်။ ဘဝသည် ဖွင့်ထားသော စာအုပ်တစ်အုပ်ဖြစ်သည်။** အမြဲမပြတ် သင်ကြားလေ့လာမှု ပြုလုပ်နေသင့်သည်။ သင်ကြားလေ့လာမှု ပြုလုပ်ခြင်းသည်သာလျှင် ရှေ့တိုးသွားရန်အတွက် လမ်းသစ်ဖွင့်ပေးခြင်း ဖြစ်သည်။

တိုးတက်မှုအစီအစဉ်၏ ပင်ရင်းမူလဒ္ဓ လူသားအတွက် ပြည့်ဝအောင်မြင်မှု ဖြစ်လာစေရန် အားပေးလှုံ့ဆော်မှု ရှိသည်။ တိုးတက်မှုအတွက် ညီညွတ်ပေါင်းစပ်မှု အသိရှိဖို့ အလွန်တရာ လိုအပ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အကယ်၍ ကျွန်ုပ်တို့သည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသော အတွေးအခေါ်၊ အယူအဆများနှင့် ယင်းအတွေးအခေါ် အယူအဆများကို ပေါက်ဖွားဖြစ်ပေါ်စေသော မဟာပုရိသများအား ဥပေက္ခာပြုလျှင် တိုးတက်မှုလမ်းကြောင်း တန့်ရပ်သွားပေလိမ့်မည်။ ထို့ကြောင့် ညီညွတ်ပေါင်းစည်းမှု အသိနှင့်ယှဉ်ပြီးလျှင် အားလုံး၏အထံမှ အနှစ်သာရရှိသော အရာဝတ္ထုများကို ယူလျက် အကျိုးဖြစ်ထွန်းအောင် ပြုလုပ်သင့်ကြသည်။

အယူဝါဒတစ်ခုခု သို့မဟုတ် ယုံကြည်ယူဆချက်တစ်ခုခု ချည်တိုင်နှင့် ကျဉ်းမြောင်းစွာ အချည်ခံရပြီး ခေတ်နှင့် မလျော်တော့သော ရှေးဟောင်းအစဉ်အလာများ သို့မဟုတ် ဓလေ့ထုံးစံများ၏ ဩဇာသက်ရောက်မှုအောက်တွင် ရောက်နေကြမည်ဆိုလျှင် ကျွန်ုပ်တို့သည် ရှေ့သို့ တိုးတက်သွားနိုင်လိမ့်မည် မဟုတ်ပေ။ အဆင်ခြင် အစဉ်းစားရှိသော လူများလက်မခံသော ကျမ်းစာအုပ်၊ အတွေးအခေါ်၊ အယူအဆ၊ နေရာဋ္ဌာန၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို 'စင်ကြယ်မြင့်မြတ်သည်'ဟု ပြော၍မရပေ။ အမှန်တရားသည် ကမ္ဘာအနှံ့ ပျံ့၍နေသည်။ အားလုံး၏ ရတနာအိုး ဖြစ်သည်။

လူသားကို လူသားအဖြစ်ဖြင့် လေးစားမြတ်နိုး

mgyoe.com

mgyoe.com
SAMPLE BOOK


မှုရှိမှသာလျှင် ကျွန်ုပ်တို့သည် အမျိုးဇာတ် ကွဲပြားခြားနားမှု အတွေးအခေါ်ကိုလည်းကောင်း၊ ခရိုင်စိတ်၊ ပြည်နယ်စိတ် ကွဲပြားခြားနားမှု အသိကိုလည်းကောင်း၊ သေးသိမ်ကျဉ်းမြောင်းသော နိုင်ငံစိတ်နှင့် နိုင်ငံတကာစိတ် ကွဲပြားခြားနားမှု အသိကိုလည်းကောင်း ချိုးဖျက်ပစ်နိုင်ပေလိမ့်မည်။

ယနေ့ လူသားသည် လူသားနှင့်ဝေးကွာသော နေရာသို့ ရွေ့လျားနေကြသည်။ တိုင်းပြည်၊ နိုင်ငံ၊ ဘာသာတရား၊ လူမျိုး ကွဲပြားခြားနားနေကြသော်လည်း ကျွန်ုပ်တို့အားလုံး တစ်မျိုးတည်းဖြစ်ကြသည်ဟူသော အချက်ကိုလည်းကောင်း၊ အားလုံး၏ အသိနှင့် ဦးတည်ချက်သည် တစ်ခုတည်းဖြစ်သည် ဆိုသည့်အချက်ကိုလည်းကောင်း မေ့နေကြသည်။

ဘာသာတရား၊ တိုင်းပြည်၊ နိုင်ငံ၊ အချုပ်အခြာအာဏာ၊ ဥစ္စာခနေ စသည်တို့ ကွဲပြားခြားနားနေသောကြောင့် လူသားတစ်ယောက်သည် အခြားလူသားတစ်ယောက်ကို လူသားဟူ၍ မထင်မှတ်ကြပေ။

မကြာခဏ တွေ့မြင်ရတတ်သည်မှာ ဘာသာတရား တစ်ခုခုကို ကိုးကွယ်ဆည်းကပ်သူက အခြားဘာသာတရားတစ်ခုခု ကိုးကွယ်ဆည်းကပ်သူကိုလည်းကောင်း၊ ဥစ္စာခနေ ကြွယ်ဝသူတစ်ဦးဦးက ဆင်းရဲ

mgyoe.com

mgyoe.com
SAMPLE BOOK


သူ ဆင်းရဲသား တစ်ဦးဦးကိုလည်းကောင်း၊ အဆင့်မြင့် အရာရှိတစ်ဦးဦးက လက်အောက်ငယ်အား တစ်ဦးဦး ကိုလည်းကောင်း၊ ပညာရှိတစ်ဦးဦးက စာမတတ်သူ တစ်ဦးဦးကိုလည်းကောင်း လူသားတစ်ယောက်ဟူ၍ မထင်မှတ်ကြပေ။

အခြားလူများလည်း မိမိတို့ကဲ့သို့ပင် အလိုဆန္ဒ ရှိကြသည်ဟူ၍ လည်းကောင်း၊ ဆာလောင်မွတ်သိပ်မှု ရှိကြသည်ဟူ၍လည်းကောင်း ထင်မှတ်ယူဆပြီးလျှင် အခြားလူများအားလည်း မေတ္တာတရားနှင့် လေးစား မြတ်နိုးမှု ပြုထိုက်သည်ဟူသော အချက်ကို မေ့ထားကြ သည်။ အခြားလူများတွင်လည်း သူ့သိက္ခာနှင့်သူ ရှိနေ ကြသည်ဟူ၍လည်းကောင်း၊ အခြားလူများလည်း အနား ယူဖို့ လိုအပ်သည်ဟူသော အချက်ကိုလည်းကောင်း၊ အခြားလူများလည်း မိမိတို့၏ သားသမီးများအတွက် တစ်ခုခုလုပ်လိုသည့် ဆန္ဒရှိကြသည်ဟူသော အချက် ကိုလည်းကောင်း မေ့လျော့နေကြသည်။

အာဏာလက်ကိုင်ရှိသူ၊ အခွင့်အရေးလက်ကိုင် ရှိသူများက တခြားလူများ၏ ဇက်ပေါ်ခွစီးပြီး ချမ်းသာ မှု၊ အဆင်ပြေမှု၊ အခွင့်အရေးအားလုံးကို အပိုင်စီးထား လိုကြသည်။ သို့ရာတွင် တစ်ခုတည်းသော အာကာသ ကောင်းကင်ပြင်၏အောက်၌ နေထိုင်ကြသော လူသား

mgyoe.com

mgyoe.com SAMPLE BOOK



အားလုံးသည် လူသားချည်းသာဖြစ်သည်။ ပေါက်တူးနှင့် ပေါက်ဆိန် ကိုင်ပြီး အလုပ်ကြမ်းလုပ်သူဖြစ်စေ၊ ကလောင်ကိုင်ပြီး ရုံးအလုပ်လုပ်သော ရုံးအမှုထမ်းဖြစ်စေ အားလုံး၏ဦးတည်ချက်သည် တစ်ခုတည်းသာဖြစ်သည်။ လူ့အဖွဲ့အစည်းအသစ်တစ်ခုကို မွေးဖွားပေါ်ပေါက်စေရန် ဖြစ်သည်။

လုပ်ငန်းအရ ကွဲပြားခြားနားမှု ရှိကြသော်လည်း လူသားအားလုံးသည် အခွင့်အရေး ညီတူညာတူရရှိနေသော ညီအစ်ကိုမောင်နှမများဖြစ်ကြသည်။ အားလုံးသွေးချင်းသားချင်းများ ဖြစ်ကြသည်။ အားလုံးပင်ကိုယ့်နေရာ ကိုယ့်ဌာန၌ ရှိနေသူများဖြစ်ကြသည်။

လူသားအချင်းချင်း ဆက်ဆံမှုသည် မြင့်မြတ်သော ဆက်ဆံမှုဖြစ်သည်။ တစ်စုံတစ်ယောက်ကို အစေခံ သို့မဟုတ် သူခစားဟု ခေါ်ခြင်းသည် လူသားကို မထီမဲ့မြင်ပြုခြင်းမျှသာ ဖြစ်သည်။ လူသားတစ်ယောက်က အခြားလူသားတစ်ယောက်ကို စီးတော်ယာဉ်ဝေါကို ပခုံးဖြင့်ထမ်းပြီး သယ်ဆောင်သွားစေခြင်း၊ လူသားတစ်ယောက်စီးသော လန်ချားကို အခြားလူတစ်ယောက်က ဆွဲခြင်းများသည်လည်း လူသားချင်းစာနာမှုကင်းမဲ့ခြင်း ဖြစ်သည်။ တစ်စုံတစ်ယောက်ကို ချစ်ခင်ရင်းနှီးစွာဖြင့် မိတ်ဆွေ၊ သို့မဟုတ် သူငယ်ချင်း၊

mgyoe.com

mgyoe.com
SAMPLE BOOK


သို့မဟုတ် အပေါင်းအသင်း၊ သို့မဟုတ် ကျေးဇူးရှင်ဟု ခေါ်ခြင်းသည်လည်းကောင်း၊ တရင်းတနှီး အမည်နာမကိုခေါ်၍လည်းကောင်း စကားပြောဆိုခြင်းသည် နားဝင်ချိုသော အပြောအဆိုများ ဖြစ်ကြသည်။

အပြစ်ကျူးလွန်သော တရားခံကိုဖြစ်စေ၊ အကျဉ်းထောင်ထဲတွင် အကျဉ်းကျခြင်း သို့မဟုတ် ကြိုးပေးခြင်းများကို မပြုလုပ်ဘဲ စိတ်ဓာတ်ပြုပြင် ပြောင်းလဲပေးသော နေရာဌာနများ၌ ထားသင့်သည်။ အပြစ်ကျူးလွန်သူ တရားခံများတွင် ပျောက်ကွယ်သွားသော လူသားစိတ်ဓာတ်ကို ပြန်လည်နိုးကြားလာအောင် ပြုလုပ်သင့်သည်။ အကျဉ်းကျခြင်း၊ ကြိုးဒဏ်ပေးခြင်း တရားဥပဒေသည် လူသားအတွက် အမည်းစက်များသာ ဖြစ်ကြသည်။ အပြစ်ဒဏ်ပေးခြင်းသည် တိရစ္ဆာန်အတွက်ဖြစ်သည်။ လူသားအတွက် မဟုတ်။ အပြစ်ဒဏ်ပေးရာ လက်ခြေကို ဖြတ်ခြင်း၊ မျက်လုံးကို ဖောက်ခြင်းများသည် တိရစ္ဆာန်ဆန်သော အပြုအမူဖြစ်သည်။ လူသားဆန်သော အပြုအမူမဟုတ်ပေ။

အပြစ်ဒဏ်ပေးခြင်းသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ လိုအပ်သောအရာဖြစ်သော်လည်း အပြစ်ဒဏ်စီရင်ခြင်းသည် လူ့အဖွဲ့အစည်းကို မစွမ်းမသန်အောင် ပြုလုပ်ခြင်းဖြစ်သည်။ အပြစ်ကျူးလွန်သူ

mgyoe.com

mgyoe.com SAMPLE BOOK



များကို အပြစ်ကျူးလွန်သောစိတ် ကင်းသွားအောင် လုပ်ပြီး လိမ္မာယဉ်ကျေးသော လူသားတစ်ယောက်ဖြစ် လာအောင် ကြိုးစားအားထုတ်သင့်သည်။ သို့ရာတွင် ယင်းစံနမူနာကို နေ့ချင်းညချင်း ထလုပ်၍ ရမည် မဟုတ်ပေ။ တဖြည်းဖြည်း ကြိုးစားအားထုတ်မှ အောင်မြင်မှု ရရှိပေလိမ့်မည်။ ကြင်နာသနား၊ ထောက် ထားငဲ့ညှာခြင်းသည် လူသား၏ အနှစ်သာရဖြစ်သည်။ ထောက်ထားငဲ့ညှာ ကရုဏာတရားမရှိသော အမှန် တရားသည် အမှန်တရားမဖြစ်နိုင်ပေ။ ထောက်ထား ငဲ့ညှာ ကရုဏာတရား အခြေခံပါက မမှန်သောတရား ပင်ဖြစ်စေကာမူ လက်တွေ့သဘောအရ ပြုလုပ်သော အမှန်တရား ဖြစ်လာနိုင်သည်။ ကရုဏာတရားသည် လူသား၏ တရား ဖြစ်သည်။

လူသားသည် လောက၏ ရတနာဖြစ်သည်။ ပထဝီမြေကြီး၏ အလှဖြစ်သည်။ သဘာဝ၏ အသီး အပွင့်ဖြစ်သည်။ လူသားကို မလောက်လေးမလောက် စားဟူ၍ သဘောထားပြီးလျှင် မထီမဲ့မြင်မပြုသင့်ပေ။ "မြင့်မြတ်သော နတ်ဒေဝတာသည် လူသားအဖြစ်ဖြင့် တည်ရှိနေသည်"ဟူ၍ မနုက ဓမ္မသတ်၌ ဆိုထားသည်။ ထိုနည်းအတိုင်းပင် မဟာဘာရတ၌လည်း "လူသား ထက် သာလွန်သော မည်သည့်အရာဝတ္ထုမျိုးမှ မရှိ"ဟု

mgyoe.com

mgyoe.com SAMPLE BOOK


ဆိုထားသည်။ မဟာတ္တမဂန္ဒီကလည်း “လူသားသည် ပထမဦးဆုံး စဉ်းစားသင့်၊ စဉ်းစားအပ်သူ ဖြစ်၏။ ပုဂ္ဂိုလ်တစ်ဦးစီသည် အမြင့်ဆုံး စဉ်းစားသင့် စဉ်းစားအပ်သူ ဖြစ်၏”ဟု ဆိုထားသည်။

ကျွန်ုပ်တို့သည် စက်ကိရိယာနှင့် ဥစ္စာဓနကို လူထက် ကြီးမားသော အရာဖြစ်သည်ဟူ၍ ယူဆကြပြီးလျှင် ကြေးငွေဓနရှာဖွေရန်အတွက် စက်ကိရိယာ၏ အကူအညီဖြင့် လူတို့ကို ဖိနှိပ်ချုပ်ချယ်ကြသည်။ ခေါင်းပုံဖြတ်ကြသည်။ လူသားတစ်ယောက်သည် လူသားတစ်ယောက်၏ အကျပ်အတည်းကို အခွင့်ကောင်းယူပြီးလျှင် ထိုလူသားတစ်ယောက်အား တိရစ္ဆာန်တို့ကို ပြုမူသကဲ့သို့ ပြုမူပြီး မိမိကဲ့သို့ လူသားတစ်ဦးအဖြစ် သဘောမထားခြင်းသည် အကြီးမားဆုံးသော မကောင်းမှုတစ်ခုကို ကျူးလွန်ပြုလုပ်ခြင်းပင်ဖြစ်သည်။ မဟာတ္တမဂန္ဒီက “ယနေ့ သူက သာသည်၊ ငါက သာသည်၊ သူက ကြီးကျယ်သည်၊ ငါက သေးငယ်သည်ဟူသော ကွဲပြားခြားနားမှုကို မေ့ထားပြီး လူသားအားလုံးကို တစ်ပြေးတစ်ညီတည်း သဘောထားခြင်းထက် ကြီးမားလွန်ကဲသော အခြားစွန့်လွှတ်ခြင်း မရှိပေ”ဟူ၍ အလေးအနက် ထုတ်ဖော်ပြောပြထားသည်။

တူညီမှုသည် လူသား၏ မူလအခြေခံဖြစ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကွဲပြားခြားနားသော လုပ်ငန်းခွင်များ၌ ကွဲပြားခြားနားသော အလုပ်ကိုလုပ်ကြစေကာမူ အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် တူညီမျှတမှုအသိ သို့မဟုတ် သွေးချင်း သားချင်းအသိ ဆိတ်သုဉ်းနေမည်ဆိုလျှင် လူသား ဟူသော အသိစိတ်ဓာတ် ဘယ်မှာရှိတော့မည်နည်း။

လူသားတစ်ယောက်သည် အခြားလူသားတစ် ယောက်ကို လန်ချားပေါ်တင်လျက် ပိုက်ဆံ အနည်း အကျဉ်း ရလိုသောကြောင့် မြင်းလုပ်ပြီး ဆွဲရသည် ဆိုလျှင် ထိုလူသားအတွက် ဝတ်စရာအဝတ်၊ စားစရာ အစား လုံလုံလောက်လောက် မရဘူးဆိုလျှင် လူသား တစ်ယောက်အဖြစ် အထိုက်အလျောက် လေးစားသမှု အပြုမခံရရုံမျှမက ရှုတ်ချသည့်အကြည့်မျိုးဖြင့် အကြည့် ခံရမည်ဆိုလျှင် လူသားဟူသည် ဘယ်မှာရှိတော့ မည်နည်း။

မိမိတို့၏အိမ်လာပြီး အညစ်အကြေး သုတ်သင် ဆေးကြောသော သန့်ရှင်းရေးအလုပ်သမားကို နှိမ့်ချ သည့် အကြည့်မျိုးဖြင့် ကြည့်မည်ဆိုလျှင်၊ မတူမတန် သော အပြုအမူမျိုး ပြုမူမည်ဆိုလျှင် ခါးလှရုံ အဝတ် အစားနှင့် ဝမ်းဝရုံ အစားအသောက် ဖန်တီးရန်အတွက် ပိုက်ဆံအလုံအလောက် မပေးဘူးဆိုလျှင် ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် လူသားကို ရက်ရက်စက်စက် လုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


ကြံသတ်ဖြတ်ခြင်းမှတစ်ပါး အခြားမည်သည့်အလုပ် ဖြစ်နိုင်ဦးမည်နည်း။

တူညီမျှတမှုသည် လူသား၏ အနှစ်သာရ ဖြစ်သည်။

လူသား၏တရားသည် အမြင့်မြတ်ဆုံး၊ အကြီး အကျယ်ဆုံး တရားဖြစ်သည်။ မာန်မာနကို စွန့်ပယ်ပြီးလျှင် ငါစွဲ၊ အတ္တစွဲကို ဖျောက်ပြီးလျှင် လူသားအတွက် အကျိုးဆောင်ရွက်ခြင်းသည် လူသား၏ တရား ဖြစ်သည်။ မြင့်မြတ်မှန်ကန်သော လူသား၏ ဘဝနေနည်းဖြစ်သည်။ မော်လာနာရုမ်းဆဗ်က ဖာရစီဘာသာစကားဖြင့် "သင်သည် သေရည်သေရက်ကို သောက်ချင်သောက်နိုင်သည်။ ဓမ္မကျမ်းစာကို မီးရှို့ပစ်ချင် ပစ်နိုင်သည်။ မည်သည့်အရာကိုမဆို ပြုလုပ်ချင် ပြုလုပ်နိုင်သည်။ သို့သော်လည်း လူသားကို မညှဉ်းဆဲပါနှင့်"ဟု မိန့်ဆိုထားသည်။

အသိဉာဏ်ပညာ ပြည့်ဝနေကြသော သူတော်စင်ပုဂ္ဂိုလ်များသည် လူသားအားလုံးကို အယုတ်၊ အလတ်၊ အမြတ်မရွေး တူညီမျှတသော အကြည့်မျိုးဖြင့်သာ ကြည့်ကြသည်။

အိမ်ထောင်မိသားစုတစ်ခုရှိ မိသားစုဝင်များသည် အလုပ်ခွင်အမျိုးမျိုး၌ ကွဲပြားခြားနားသော

mgyoe.com

mgyoe.com
SAMPLE BOOK


အလုပ်အကိုင်များကို လုပ်ကိုင်နေကြသော်လည်း အတူတကွ ရွှင်လန်းချမ်းမြေ့စွာ နေထိုင်ကြပြီးလျှင် မိမိတို့ လုပ်ကိုင်ရရှိသော ဝင်ငွေများဖြင့် အိမ်ထောင်မိသားစုသုခကို ရွှင်လန်းချမ်းမြေ့စွာ ခံစားကြသည်။ ထိုနည်းအတူပင် လူသားများလည်း အိမ်ထောင်မိသားစု တစ်ခုသာဖြစ်သည်။ 'ဝသုဓေဝ ကုဋုမ္ဗကံ' ဆိုသည်မှာ၊ 'ဂလိုဗယ်လိုက်ဇေးရှင်း' ဆိုသည်မှာ ယင်းအဓိပ္ပာယ်မျိုးပင် ဖြစ်သည်။ ကမ္ဘာလောကတစ်ခုလုံးသည် အိမ်ထောင်မိသားစုကြီးတစ်ခု ဖြစ်သည်ဟူ၍ အနက်အဓိပ္ပာယ်ရသည်။

မည်သည့်ဒေသဖြစ်စေ၊ မည်သည့်တိုင်းပြည်ဖြစ်စေ ယင်းဒေသ၊ ယင်းတိုင်းပြည်၌ နေသူအားလုံး မိသားစုတစ်စုကဲ့သို့ အချင်းချင်း ချစ်ခင်ကြင်နာခြင်း၊ ကူညီရိုင်းပင်းခြင်း၊ တစ်ဦးအကျိုး တစ်ဦး ဆောင်ရွက်ခြင်းများကို ပြုလုပ်ဆောင်ရွက်မှသာ နိုင်ငံတစ်နိုင်ငံဟူ၍ ခေါ်ဆိုထိုက်သည်။

လူတို့သည် တစ်ယောက်အကျိုးတစ်ယောက် ဆောင်ရွက်မှသာ ရှေ့သို့တိုးတက်သွားနိုင်သည်။ သူက မိမိထက်နိမ့်ကျသည်။ မိမိက သူ့ထက်သာလွန်သည်။ ကြီးကျယ်သည်ဟူသော အတွေးမျိုး၊ လူတန်းစားခွဲခြားခြင်း အသိမျိုးကို စွန့်ပယ်မှသာ လူ့အဖွဲ့အစည်းသည်

mgyoe.com

mgyoe.com
SAMPLE BOOK


ရှေ့သို့တိုးတက်သွားနိုင်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် တစ်ယောက်နှင့်တစ်ယောက် တူညီမျှတမှု စိတ်ဓာတ်ထားသင့်သည်။ အချင်းချင်း ရိုင်းပင်းကူညီ သင့်သည်။ တစ်ဦးအကျိုး တစ်ဦး ဆောင်ရွက်သင့် သည်။ နိုင်ငံရေးစနစ်၌လည်း တစ်ဖက်စွန်းရောက် ဝါဒသည် ငြိမ်းချမ်းမှုကို ပျက်ပြားစေနိုင်သည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# တူညီမျှတမှုနှင့် လွတ်လပ်မှု

လူသားအားလုံးသည် မွေးဖွားလာကြစဉ်က တစ်ယောက်နှင့်တစ်ယောက် ခြားနားခြင်း မရှိကြပေ။ အားလုံးနည်းတူ သဘောတူ မွေးဖွားလာကြခြင်းသာ ဖြစ်သည်။ ထို့ကြောင့် တူညီမျှတမှုသည် လူသား၏ မွေးရာပါ အခွင့်အရေးဖြစ်သည်။ တူညီမျှတမှု ရရှိရေးသည် လူသား၏ အကြီးမား အထက်သန်ဆုံး မျှော်လင့်ချက် သို့မဟုတ် ရည်မှန်းချက်တစ်ခုဖြစ်သည်။

စီးပွားရေးနှင့် လူမှုရေးအဆင့်များ၌ မတူညီမှု၊ မမျှတမှု ချောက်ကမ်းပါးကြီး ခြားထားခြင်းသည် လူသားတစ်ယောက်ကို အခြားလူသားတစ်ယောက်နှင့် ဝေးကွာအောင် ဖန်တီးထားခြင်းဖြစ်သည်။ မိခင် ပထဝီမြေကြီး၏ ဥစ္စာပစ္စည်းအားလုံးသည် အားလုံးအပိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြစ်သည်။ ယင်းဥစ္စာပစ္စည်းများကို ပုဂ္ဂိုလ်တချို့၏ တစ်ဦးတည်းအပိုင် လုပ်ထားခြင်းသည် မတရားအလုပ်ဖြစ်သည်။ တရားမျှတသော အလုပ်မဟုတ်ပေ။

ဂုဏ်အရည်အချင်း ရှိသူများနှင့် ထူးထူးခြားခြား အတွေ့အကြုံရှိသူများကို လေးစားသမှုပြုလုပ်ခြင်းသည် သင့်လျော်ကောင်းမြတ်သောအလုပ် ဖြစ်သည်။ သို့ရာတွင် ဥစ္စာပစ္စည်းနှင့် အာဏာတန်ခိုးကို အခြေခံလျက် ပုဂ္ဂိုလ်ကိုးကွယ်မှု ပြုလုပ်ခြင်းမှာမူ လုံးဝမသင့်တော် မကောင်းမြတ်သော အလုပ်ဖြစ်သည်။

လူသား၏ တန်ဖိုးများထဲက အဓိကအကျဆုံး တန်ဖိုးမှာ တူညီမျှတမှုဖြစ်သည်။ တူညီမျှတမှု၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား အတွေးအခေါ်၊ အယူဝါဒ၊ ဘာသာတရား၊ ဥစ္စာဓန စသည်များကို အကြောင်းပြုလျက် ကျေးကျွန်လုပ်မထားခြင်းဖြစ်သည်။ ထို့ကြောင့် လွတ်လပ်မှုသည် အခြားအရေးပါ အရာရောက်သော လူသား၏ ဒုတိယတန်ဖိုးဖြစ်သည်။ တူညီမျှတမှုမရှိဘဲ လွတ်လပ်မှုမရှိနိုင်ပေ။ အကယ်၍ အခြားလူများကို ကလော်တုတ်နိုင်ခွင့် လွတ်လပ်မှုရှိသော်လည်း တူညီမျှတမှုမရှိလျှင် ယင်းလူ့အဖွဲ့အစည်း၌ ရွှင်လန်းချမ်းမြေ့မှု မရှိနိုင်ပေ။

အမှန်အားဖြင့် လွတ်လပ်မှုနှင့် တူညီမျှတမှု

mgyoe.com

mgyoe.com
SAMPLE BOOK


သည် နှစ်မျိုးလုံး မရှိမဖြစ်သော အရာများဖြစ်ကြသည်။ တူညီမျှတမှုသည် လွတ်လပ်မှုမရှိလျှင် အင်္ဂါမစုံသလို ဖြစ်ပေလိမ့်မည်။ လှောင်အိမ်ထဲထည့်ပြီး ပိတ်ထား သော ငှက်၏ ချိုသာသောအသံ၌လည်း ကြင်နာ သနားဖွယ် ငိုကြွေးသံ ပုန်းကွယ်နေသည်။ လွတ်လပ် မှုရှိသော ကောင်းကင်သို့ ပျံသန်းသွားသည့်အခါကျ မှသာ ကိုယ်လွတ်စိတ်လွတ် ကြွေးကြော်သော သီချင်း သံမျိုးကို ကြားနိုင်ပေလိမ့်မည်။

လူသားအတွက်လည်း လွတ်လပ်မှုထက် ပိုမို ကြီးမားသော တခြားဆုလာဘ်ဟူ၍ မရှိပေ။ သို့ရာတွင် လွတ်လပ်မှုသည် ပုံပျက်ပန်းပျက်ဖြစ်သွားပြီး အမြီး အမောက်မတည့် ဖြစ်မသွားဖို့ လိုအပ်သည်။ တူညီ မျှတမှုနှင့် လွတ်လပ်မှုရှိပြီး ညီအစ်ကိုသားချင်းအနေ မျိုးဖြင့် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု၊ အကျိုး ဆောင်မှု ပြုလုပ်ကြမှသာ လူ့လောက၊ လူ့အဖွဲ့အစည်း သည် ရှေ့သို့ တိုးတက်သွားနိုင်ပေလိမ့်မည်။

လူသား၏ တိုးတက်မှု ယာဉ်ရထား၌ ဘီးလေး ဘီးရှိသည်။ တူညီမျှတမှု၊ လွတ်လပ်မှု၊ ညီအစ်ကို သားချင်းစိတ်ဓာတ်၊ အချင်းချင်း ရိုင်းပင်းကူညီမှုတို့ ဖြစ်ကြသည်။ သို့ရာတွင် သန္တိနှင့် သုခအတွက် ငြိမ်းချမ်း မှုနှင့် ရွှင်လန်းချမ်းမြေ့မှုအတွက်မှာမူ နောက်ထပ်

mgyoe.com

mgyoe.com
SAMPLE BOOK


လိုအပ်သည့် အချက်အလက်များ ရှိသေးသည်။ တစ်ဖက်၌ ဥစ္စာပစ္စည်း ထုတ်လုပ်မှုအပိုင်း လိုအပ်သကဲ့သို့ အခြားတစ်ဖက်၌ ထုတ်လုပ်ထားသော ဥစ္စာပစ္စည်းကို လူ့အဖွဲ့အစည်း၏ မည်သည့်အစိတ်အပိုင်းကိုမှ တိုးတက်မှု တန့်ရပ်မသွားစေမည့် နည်းမျိုးဖြင့် ခွဲဝေဖြန့်ဖြူးဖို့ လိုအပ်သည်။

ဥစ္စာပစ္စည်းကို လူတချို့ မိမိတို့တစ်ဦးတည်းပိုင်ပြုလုပ်ထားခြင်းကို သူတော်သူမြတ် ပုဂ္ဂိုလ်များကလည်း လက်မခံကြပေ။ လူတို့သည် ဥစ္စာဓနကို စွဲကိုင်ပြီး မွေးဖွားပေါ်ပေါက်လာကြသူများ မဟုတ်ပေ။ ဥစ္စာဓနကို တစ်ပါတည်း ယူဆောင်သွားပြီး ကွယ်လွန်သွားသူများလည်း မဟုတ်ပေ။ လူတို့သည် မွေးဖွားပေါ်ပေါက်လာပြီး ကမ္ဘာ့ပထဝီမြေကြီးပေါ်၌သာ ဥစ္စာဓနကိုရရှိပြီး မိမိတို့ရရှိထားသော ဥစ္စာဓနကို ပထဝီမြေကြီးပေါ်၌ပင်ထားခဲ့ပြီး သွားကြရသည်။ ထို့ကြောင့် ဥစ္စာဓနအပေါ်တွင် တစ်ဦးတည်း လက်ဝါးကြီးအုပ်ထားခြင်းသည် သဘာဝမကျသော နည်းစနစ်ဖြစ်သည်။ သဘာဝနိယာမနှင့် ဆန့်ကျင်ဘက်ဖြစ်သော နည်းစနစ်ဖြစ်သည်။ ပထဝီမြေကြီးပေါ်က ဥစ္စာပစ္စည်းသည် ပထဝီမြေကြီးပေါ်တွင် မွေးဖွားပေါ်ပေါက်လာသူအားလုံး၏ အပိုင်ပစ္စည်းဖြစ်သည်။ ယင်းဥစ္စာပစ္စည်း

mgyoe.com

mgyoe.com
SAMPLE BOOK


ကို တစ်ဦးတည်း အပိုင်စီးထားခြင်းသည် တရားရာ မရောက်ပေ။

ဥစ္စာဓနအပေါ်တွင် လူတစ်ဦးတစ်ယောက်က အစဉ်ထာဝရ အပိုင်စီးထားခြင်းသည် မည်မျှ သဘာဝ နိယာမနှင့် ဆန့်ကျင်ဘက်ဖြစ်သည် ဆိုသည်ကို လေးလေးနက်နက် စဉ်းစားဆင်ခြင်ကြည့်ပါက နားလည် သဘောပေါက်ပေလိမ့်မည်။ ဆင်းရဲသားတစ်ယောက် စားသော အစားအစာနှင့် ဝတ်သောအဝတ် အတိုင်း အရှည် ပမာဏမျှလောက်သာ ဓနရှင်လည်း အစား အစာ စားနိုင်ပြီး အဝတ် ဝတ်နိုင်သည်။

အခြေခံလိုအပ်ချက်များမှာ အားလုံးအတွက် တစ်မျိုးတည်းဖြစ်သည်။ တစ်သဘောတည်း ဖြစ်သည်။ ဥစ္စာပစ္စည်း ထုတ်လုပ်မှု၌ ကူညီလုပ်ကိုင်ပေးသူများ အနေနှင့် သူတို့၏ ကျွမ်းကျင်မှု၊ လုပ်အား စသည် တို့နှင့် လျော်ညီစွာ အထူး အခွင့်အရေး ရသင့်ရထိုက် သည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် ဥစ္စာပစ္စည်း အားလုံး၏ အပေါ်၌ကား လူ့အဖွဲ့အစည်း၏ ပိုင်ဆိုင် မှုမျိုးသာ ရှိသင့်သည်။ ဥစ္စာပစ္စည်း ထုတ်လုပ်မှုမှာ လူ့အဖွဲ့အစည်းအတွက်သာ ဖြစ်သင့်သည်။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် သို့မဟုတ် အိမ်ထောင် မိသားစု တစ်ခုအတွက် မဖြစ်သင့်ပေ။

mgyoe.com

mgyoe.com SAMPLE BOOK

## ပစ္စည်းထုတ်လုပ်မှုနှင့် ဖြန့်ဝေမှု

ဖွံ့ဖြိုးကြွယ်ဝခြင်းမရှိသော နိုင်ငံတစ်နိုင်ငံ၌ ရှေးဦးစွာ သင့်လျော်လျောက်ပတ်သော အချိန်ကာလအထိ ကုန်ထုတ်လုပ်မှု အရှိန်အဟုန်ကို မြှင့်တင်ပြီးလျှင် နိုင်ငံ ဖွံ့ဖြိုးကြွယ်ဝအောင် စုပေါင်းကြိုးစား အားထုတ်မှု ပြုသင့်သည်။ ယင်းအချိန်ကာလ အတော အတွင်း၌ ဖြစ်နိုင်သမျှ တူညီမျှတမှုဖြစ်အောင် ကြိုးစား အားထုတ်ရမည် ဖြစ်သော်လည်း ကုန်ပစ္စည်းဖြန့်ဝေရာ၌ ကွဲပြားခြားနားမှုရှိမည်မှာ လွှဲရှောင်၍မရသော အရာ ဖြစ်သည်။

ဖွံ့ဖြိုးကြွယ်ဝလာမှု သို့မဟုတ် ကုန်ထုတ်လုပ်မှု အရှိန်အဟုန် မြှင့်တင်မှုသည် ပထမဦးစွာ လိုအပ်သော အချက်များ ဖြစ်သည်။ ကုန်ထုတ်လုပ်မှု၌ ထူးထူး

mgyoe.com

mgyoe.com
SAMPLE BOOK


ခြားခြား ခွန်အားစိုက်ထုတ်သူကို အလေးဂရုပြုခြင်း၊ ဆုလာဘ်ချီးမြှင့်ခြင်း၊ အဆင်ပြေမှု အပြည့်အဝပေးခြင်းများသည် သင့်လျော်လျောက်ပတ်သော အလုပ်လည်း ဖြစ်သည်။ အားပေးအားမြှောက် ပြုလုပ်သော အလုပ်လည်းဖြစ်သည်။

စက်မှုလုပ်ငန်းများဖြင့် စုဆောင်းရရှိသော ကြွေးငွေခနများကို အဓိကအားဖြင့် စက်မှုလုပ်ငန်း တိုးချဲ့မှု ပြုလုပ်ရာ၌ အသုံးပြုသင့်သည်။ ယင်းသို့ အသုံးပြုခြင်းသည် နိုင်ငံ၏ အကျိုးအတွက်ဖြစ်သည်။ ဆင်းရဲနွမ်းပါးသော အခြေအနေ၌ အကောင်အထည်ဖော်သော လူ့အဖွဲ့အစည်း ဦးစားပေးနိုင်ငံရေး (ဆိုရှယ်လစ်)ဝါဒ၌ ဆင်းရဲခြင်း လျော့နည်းသွားမည် မဟုတ်ပေ။ ကုန်ထုတ်လုပ်မှု အရှိန်အဟုန် တိုးမြှင့်ခြင်းအဆင့်၌ အကောင်အထည်ဖော်သော လူ့အဖွဲ့အစည်း ဦးစားပေး နိုင်ငံရေးဝါဒ၌ ဥစ္စာခနေ ဖွံ့ဖြိုးကြွယ်ဝလာနိုင်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်း ဦးစားပေးနိုင်ငံရေးဝါဒ၏ ပထမခြေလှမ်း သို့မဟုတ် အောင်မြင်မှုအခြေခံသည် ကုန်ထုတ်လုပ်မှုဖြစ်သည်။

အားလုံးကို တစ်ပြေးတစ်ညီတည်းဖြစ်အောင် လုပ်မည်ဆိုလျှင် သင်္ချိုင်းမြေ၌ရှိသော တူညီမျှတမှုမျိုး ဖြစ်လာနိုင်သည်။ ပျက်စီးဆုတ်ယုတ်မှု ဖြစ်လာနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


တူညီမျှတစွာ ဥစ္စာခနေ ဖြန့်ဝေပေးခြင်း၌ အားသွန်ခွန်စိုက် ပြုလုပ်ခြင်းထက် ပိုပြီးလုပ်အားနှင့် ကုန်ထုတ်လုပ်မှုတို့၌ အားသွန်ခွန်စိုက် ပြုလုပ်သင့်သည်။ လုပ်အားစိုက်ထုတ်ခြင်း မပြုလုပ်ပါက မိမိခြေထောက်တွင် စူးဝင်နေသော ဆူးကိုပင် ထွင်ပစ်နိုင်မည်မဟုတ်ပေ။ မိမိရှေ့မှောက် ရောက်ရှိလာသော အစားအစာကိုပင် ဝမ်းဗိုက်ထဲရောက်အောင် လုပ်နိုင်မည်မဟုတ်ပေ။

ကာယလုပ်အားနှင့် ဉာဏလုပ်အားသည် ကုန်ထုတ်လုပ်မှု၏ အဓိက လိုအပ်ချက်များဖြစ်သည်။ လုပ်အားစိုက်ထုတ်ခြင်း မပြုလုပ်မီ လုပ်အားစိုက်ထုတ်ရန် ဆုံးဖြတ်ဖို့လိုအပ်သည်။ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် အရည်အချင်း၊ စွမ်းအား စသည်တို့ ကွဲပြားခြားနားခြင်းကြောင့် မိမိတို့ရရှိသော အခွင့်အရေးသို့မဟုတ် အဆင်ပြေမှုများ ကွဲပြားခြားနားမှုရှိခြင်းသည် သဘာဝကျသည်။ လုပ်အားကို မြေတောင်မြှောက်ပေးရန်အတွက် ဆုလာဘ်ကို တစ်ဦးနှင့်တစ်ဦး မတူစေဘဲပေးခြင်းသည် မလုပ်မဖြစ်သော အရာဖြစ်သည်။

အရည်အချင်းနှင့် စွမ်းအားအရ အဆင့်တူညီသော ပုဂ္ဂိုလ်များသည် တိုးတက်ကြီးပွားမှု ရှိလာစေရန်

mgyoe.com

mgyoe.com SAMPLE BOOK


အတွက် တူညီမျှတသော အခွင့်အရေးမျိုး ရရှိသင့်သည်။ မည်သည့်ပုဂ္ဂိုလ်ကိုမှ အခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကုပ်ပေါ်ခွစီးပြီး သို့မဟုတ် အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ခေါင်းပုံဖြတ်ပြီး ရှေ့ကျော်တက်သွားခွင့်မျိုး မပေးသင့်ပေ။ မိမိ၊ မိမိတို့၏နေရာအသီးသီး၌ မိမိ၊ မိမိတို့၏ အရည်အချင်းနှင့်စွမ်းအားလျော်စွာ နိုင်ငံ၏အကျိုးအတွက် အားလုံးတိုးတက်ကြီးပွားလာနိုင်ခွင့် ရှိသင့်သည်။

သစ်ပင်တစ်ပင်၏ အခက်အလက်၊ အညွန့်အားလုံးအတွက် အလင်းရောင်နှင့် လေကောင်းလေသန့်ရရှိဖို့ လိုအပ်သည်။ သစ်ပင်၏ သဘာဝအနေအထားအရ သစ်ရွက်တိုင်း သစ်ရွက်တိုင်းသည်အလင်းရောင်နှင့် နေရောင်ကိုလည်းကောင်း၊ လေကိုလည်းကောင်း ရရှိသည်။ အားလုံး မိမိတို့၏နေရာ၌စည်ပင်ဖွံ့ထွားမှု ဖြစ်ပေါ်နေသည်။ သစ်ပင်၏ အမြစ်အရင်းသည် သစ်ပင်အင်္ဂါ အစိတ်အပိုင်းအားလုံးကိုတူညီမျှတစွာ သန်မာဖွံ့ထွားလာအောင် ပြုလုပ်ပေးသည်။ သစ်ပင်အင်္ဂါအစိတ်အပိုင်း အားလုံးသည် သစ်ပင်စည်ပင်ဖွံ့ထွားလာအောင် အပြည့်အဝ အကူအညီပေးသည်။

လူ့အဖွဲ့အစည်း၌ရှိသော လူတိုင်းလူတိုင်းသည်

mgyoe.com

mgyoe.com
SAMPLE BOOK


မိမိတို့အတွက် အပြည့်အဝ စည်ပင်ဖွံ့ထွားလာအောင် ပြုလုပ်ရမည်။ လူ့အဖွဲ့အစည်းကလည်း ပုဂ္ဂိုလ် တစ်ယောက်ချင်း၏ စည်ပင်ဖွံ့ထွားရေး၌ အပြည့်အဝ အကူအညီ အထောက်အပံ့ပြုရမည်။

ပုဂ္ဂိုလ်တစ်ဦးချင်း၏ စည်ပင်ဖွံ့ထွားမှုသည် လူ့အဖွဲ့အစည်းအတွက် ဖြစ်သင့်သည်။ လူ့အဖွဲ့အစည်း၏ စည်ပင်ဖွံ့ထွားမှုသည် ပုဂ္ဂိုလ်တစ်ဦးချင်း အတွက် ဖြစ်သင့်သည်။ ပုဂ္ဂိုလ်တစ်ဦးချင်းသည် ကုန်ထုတ်လုပ်မှုနှင့် ကြီးပွားတိုးတက်မှု မျှော်လင့်ချက် အမြဲရှိနေသင့်သည်။ သို့ရာတွင် ယင်းကဲ့သို့ မျှော်လင့် ချက်မျိုး သို့မဟုတ် မက်လုံးသည် ဘောင်အတွင်းက ရှိနေသင့်သည်။ ဘောင်အပြင်ဘက် ကျော်ထွက်မသွား သင့်ပေ။

လုပ်အားစိုက်ထုတ်မှုအားဖြင့် လည်းကောင်း၊ ရိုးသားမှန်ကန်မှုဖြင့် လည်းကောင်း ဥစ္စာပစ္စည်း ထုတ် လုပ်ခြင်းနှင့် ဥစ္စာပစ္စည်း စနစ်တကျ အသုံးပြုခြင်း များကို အားပေးအားမြှောက် ပြုလုပ်သင့်သည်။ နိုင်ငံ ၏အကျိုးအတွက် ဆုလာဘ်ပေးအပ် ချီးမြှင့်သင့်သည်။ ဆုလာဘ်မပေးသင့် မပေးထိုက်သူအား ဆုလာဘ်ပေး အပ်ချီးမြှင့်ခြင်းသည် ဆုလာဘ်၏ တန်ဖိုးကို ကျစေ သည့်အပြင် နိမ့်ကျဆုတ်ယုတ်စေခြင်း၏ အကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK


လည်းဖြစ်သည်။

မကောင်းမှုဒုစရိုက် ပြုလုပ်ခြင်းအားဖြင့် လည်းကောင်း၊ တစ်စုံတစ်ယောက်ကို ခေါင်းပုံဖြတ်ခြင်းအားဖြင့် လည်းကောင်း ဥစ္စာစနေရှာဖွေခြင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် တိုင်းပြည်အတွက် အန္တရာယ်ဖြစ်စေတတ်သည်။

ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များအား သူတို့၏ ကုန်ထုတ်လုပ်မှု စွမ်းအားအတွက် အလေးဂရုပြုသင့်သည်။ သူတို့၏စွမ်းအားကို လူ့အဖွဲ့အစည်း၏ အကျိုးအတွက် အသုံးချသင့်သည်။ ကုန်ထုတ်လုပ်မှုစနစ်၌ အလုပ်သမားများ၏ ကူညီရိုင်းပင်းမှုရရှိခြင်းသည် အမှန်မုချ အကျိုးကျေးဇူးဖြစ်ထွန်းလာနိုင်သည်။ သို့ရာတွင် စီမံခန့်ခွဲသူများနှင့် အလုပ်သမားများ၏ ကြားထဲတွင် တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းမှုပြုရာ၌ ညီအစ်ကိုသားချင်းစိတ်နှင့် တိကျမှန်ကန်မှုရှိဖို့ လိုအပ်သည်။

လူ့အဖွဲ့အစည်းအတွက် ဥစ္စာပစ္စည်းထုတ်လုပ်ခြင်းသည် လူမှုရေးနှင့် လူ့ကျင့်ဝတ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် တာဝန်ဝတ္တရားဖြစ်သည်။ လူ့အဖွဲ့အစည်း၌ ဥစ္စာပစ္စည်းကို တရားမျှတစွာ ခွဲဝေပေးခြင်းသည် နိုင်ငံ၏ မြင့်မြတ်သော တာဝန်ဝတ္တရား

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြစ်သည်။

ဥစ္စာခနေ ကုန်ပစ္စည်းအပေါ်၌ တစ်ဦးတစ်ယောက်တည်း အပိုင်စီးထားခြင်းသည် လူ့ကျင့်ဝတ်နှင့်လည်းကောင်း၊ တရားမျှတမှုနှင့် လည်းကောင်း ဆန့်ကျင်ဘက်ဖြစ်သည်။ ငြိမ်းချမ်းရေးကိုလည်း ပျက်ပြားစေတတ်သည်။

ယခုခေတ်၌ ဓနရှင်အများစုသည် သိပ္ပံပညာဆိုင်ရာ ရှာဖွေတွေ့ရှိချက်များကို အသုံးပြုလျက် စုဆောင်းသိမ်းထားသော ငွေကြေးဓနဖြင့် ဝယ်ယူထားသော စက်ကိရိယာများ၏ အကူအညီဖြင့် ဥစ္စာဓနထုတ်လုပ်မှု အကြောင်းပြုပြီးလျှင် လူပေါင်းများစွာ တို့အား ဖိနှိပ်မှု၊ ချုပ်ချယ်မှု၊ အမြတ်ထုတ်မှု ပြုလုပ်နေကြသည်။ 'ဗဟုဇနဟိတာယ'ဟူသော အခြေခံဖြင့် သို့မဟုတ် ကိုယ်ကျိုးမကြည့်ဘဲ ပရဟိတစိတ်ဖြင့် မည်သူစက်ရုံများကို တည်ထောင်ဖွင့်လှစ်ထားသနည်း။

များသောအားဖြင့် အားလုံးလိုလိုပင် လောဘဇောတက်နေကြပြီးလျှင် ခေါင်းပုံဖြတ် အမြတ်ကြီးစားစနစ်ဖြင့် ဥစ္စာဓန ရှာဖွေစုဆောင်းလျက် ယင်းဥစ္စာဓနဖြင့် ပုဂ္ဂလိကအခွင့်အရေးကို ရအောင်ယူပြီး ဥစ္စာဓနအခြေခံအရသာ ကြီးကျယ်သူများဖြစ်လာအောင် လူ့

mgyoe.com

mgyoe.com SAMPLE BOOK


အဖွဲ့အစည်း၌ မိမိတို့၏ ပုဂ္ဂလိကအဆင့်၊ ပုဂ္ဂလိကနေရာ ရရှိလာအောင် ကြိုးစားအားထုတ်နေကြသည်။

ကုန်ပစ္စည်း ထုတ်လုပ်မှုအတွက် စီးပွားရေးအရ အားပေးလှုံ့ဆော်မှုသည် အလွန်တရာ လိုအပ်သောအရာ ဖြစ်သည်။ သို့ရာတွင် များသောအားဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှုသည် အပြိုင်အဆိုင် ဥစ္စာခနေစုဆောင်းခြင်း၏ အကြောင်းဖြစ်လာပြီးလျှင် လူ့အဖွဲ့အစည်း၌ ဂုဏ်ကြီးရှင် ဖြစ်လာဖို့ရန်အတွက် အခြေခံအကြောင်းတရား ဖြစ်လာသည်။ ဥစ္စာခနေကို အပြိုင်အဆိုင် စုဆောင်းသိုမှီးနေကြခြင်းသည် တန်ဖိုးလျော့နည်းခြင်းကို လည်းကောင်း၊ လူ့ကျင့်ဝတ် နိမ့်ကျခြင်းကို လည်းကောင်း၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းကို လည်းကောင်း တိုးပွားများပြားအောင် ပြုလုပ်နိုင်သည်။ အဆုံးအပိုင်းအခြားမရှိသော ဥစ္စာခနေကို ရှာဖွေစုဆောင်းခြင်းသည် ဘဝ၏ အောင်မြင်မှုကို တိုင်းတာသောကိုက်တံဖြစ်နေသည်။ ဥစ္စာခနေသည်သာ ဘာမဆို ဖြစ်နေသည်။ ယင်းအတွေး၊ ယင်းအသိသည် ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ၊ သို့မဟုတ် လူ့အဖွဲ့အစည်းအတွက်ဖြစ်စေ အလွန်တရာ ထိတ်လန့်ဖွယ်ကောင်းသော ဘေးရန်အန္တရာယ် ဖြစ်သည်။

ဥစ္စာခနေ စုဆောင်းသိုမှီးခြင်း အလေ့အထသည်

mgyoe.com

mgyoe.com
SAMPLE BOOK


ဓနရှင်ဝါဒ၊ အရင်းရှင်ဝါဒ၊ အာဏာရှင်ဝါဒတို့၏ အမြစ်အရင်း၌ရှိနေပြီး လွတ်လပ်သော လူသားဝါဒနှင့် အားလုံးအတွက် ကောင်းကျိုးပြုသော လူ့အဖွဲ့အစည်း စနစ်၏ ရန်သူဖြစ်သည်။ ဥစ္စာဓန ရှာဖွေစုဆောင်းရန် အတွက် အားပေးအားမြှောက် ပြုလုပ်သင့်သည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် လူ့အဖွဲ့အစည်း၏ အကျိုး၊ လူ့လောက၏ အကျိုးနှင့် ဆန့်ကျင်ဘက် အားဖြင့် ပြုလုပ်သော ဥစ္စာဓန စုဆောင်းမှုကို တားမြစ် ပိတ်ပင်ဖို့ရန်မှာလည်း လိုအပ်သောအလုပ် ဖြစ်သည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# ဥစ္စာဓနံ

ဥစ္စာဓနသည် လူ့အဖွဲ့အစည်း၏ အကျိုးရှိရာရှိကြောင်း ဖြစ်သင့်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကျိုး ရှိရာရှိကြောင်း မဖြစ်သင့်ပေ။ ဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း ခံနေကြရသော၊ ကြိတ်စက်ဖြင့် အကြိတ်ခံနေကြရသော လုပ်အားစိုက်ထုတ် အလုပ် လုပ်ကြသူများအတွက် ဘယ်နေရာမှာမှ အဆင်ပြေရာ အဆင်ပြေကြောင်း မရှိပေ။ စားရမဲ့၊ သောက်ရမဲ့ ဖြစ် နေကြသူများသည် ဆင်းရဲဒုက္ခ သံဖိနပ်အောက်တွင် လူးလွန့်နေကြရသည်။ လုပ်အားစိုက်ထုတ်လုပ်ကြရ သော်လည်း ထမင်းနပ်မှန် မစားကြရသူများသည် ထမင်းတစ်ဆုပ်၊ ရေတစ်မှုတ် ရရှိရေးအတွက် တစ်နေ့ လုံး လမ်းများပေါ်၌ ခွေးသတ္တဝါကဲ့သို့ လှည့်လည်

mgyoe.com

mgyoe.com
SAMPLE BOOK


သွားလာနေကြစေကာမူ ဗိုက်ပြည့်အောင် မစားကြ ရပေ။ ခိုက်ခိုက်တုန် ချမ်းအေးနေသော ဆောင်းကာလ ညအခါများ၌ မိမိတို့၏ အရိုးဝေါက်ဂက်ကို လေအေး ဒဏ်က မကာကွယ်နိုင်ကြပေ။

ယင်းကဲ့သို့ အခြေအနေဆိုးဝါးခြင်းသည် ဆင်းရဲ သားများ၏ မကောင်းမှု အကုသိုလ်ကံကြောင့် ဖြစ်ရ သည်ဟုဆိုမည်လော။ အမှန်စင်စစ်က မကောင်းမှု အကုသိုလ်ကံကို ကျူးလွန်သူမှာ ဆင်းရဲသား ကျောမွဲ များ၏ ယင်းအခြေဆိုး အမွေဆိုးကို တွေ့မြင်နေ သော်လည်း မမြင်ချင်ယောင်ဆောင်နေသော လူ့အဖွဲ့ အစည်းဖြစ်သည်။ လူ့အဖွဲ့အစည်း၌ရှိနေသော ဥစ္စာ ဓနကို ကိုးကွယ်ခြင်း၊ လူသားတို့၏ ဂုဏ်အရည် အချင်းကို မထီမဲ့မြင်ပြုခြင်းများသည် လူ့အဖွဲ့အစည်း ဆုတ်ယုတ်နိမ့်ကျသွားခြင်း၏ အမှတ်လက္ခဏာဖြစ် သည်။ များသောအားဖြင့် ဥစ္စာဓနကြွယ်ဝသူများ သည်လည်းကောင်း၊ ရာထူးဌာနန္တရ လက်ကိုင်ရှိသူ များသည်လည်းကောင်း၊ ဥစ္စာဓနနှင့် ရာထူးဌာနန္တရ ယစ်မူးနေကြသည်ဖြစ်၍ လူတစ်ဖက်သားကို ပစ်ပစ် ခါခါလုပ်ဖို့ရန် ဝန်မလေးကြပေ။ ဥစ္စာဓနသည် တစ်ဦး နှင့်တစ်ဦး ပဋိပက္ခဖြစ်ခြင်း၊ မကောင်းမှုဒုစရိုက် ပြုလုပ် ခြင်း၏ အမြစ်အရင်း ဖြစ်နေသောကြောင့် ဥစ္စာပစ္စည်း

mgyoe.com

mgyoe.com
SAMPLE BOOK


အပေါ်၌ တစ်ဦးတစ်ယောက်တည်းက လက်ဝါးကြီး အုပ်ထားခြင်းမျိုးသည် လူ့အဖွဲ့အစည်း ငြိမ်းချမ်း သာယာရေးအတွက် မဖြစ်သင့် မဖြစ်ထိုက်သောအလုပ် ဖြစ်သည်။

ဓမ္မကျမ်းဂန်များ၌ ဥစ္စာဓနရှာဖွေစုဆောင်း ခြင်းကို အပြစ်မပြောပေ။ ဥစ္စာဓနကိုလည်း ကဲ့ရဲ့ရှုတ်ချ ခြင်းမျိုး မပြုလုပ်ပေ။ သို့ရာတွင် ရှာဖွေစုဆောင်းထား သော ဥစ္စာဓနအပေါ်တွင် တွယ်တာကပ်ငြိခြင်း ဖြစ် မနေရပေ။ မိမိတို့ ရှာဖွေစုဆောင်းထားသော ဥစ္စာဓန ကို အလှူဒါနပြုခြင်းသည် လူ့အဖွဲ့အစည်းအတွက် ပေးကမ်းစွန့်ကြဲခြင်းသည် မြင့်မြတ်သော ကုသိုလ် ကောင်းမှုဖြစ်သည်။ လူ့အဖွဲ့အစည်းအား ပေးကမ်း လှူဒါန်းရန်အတွက်သာ ဥစ္စာဓနကို များများစားစား ရှာဖွေစုဆောင်းသင့်သည် လူ့အဖွဲ့အစည်းသည် နွားမနှင့် အလားသဏ္ဌာန်တူသည်။ နွားမကို နို့ညှစ် ခြင်းသည် သင့်လျော်လျောက်ပတ်သောအလုပ် ဖြစ် သည်။ သို့ရာတွင် နွားမအတွက် ညှဉ်းဆဲမှုမဖြစ်အောင် သတိပြုရမည်။ နွားမအား နို့မညှစ်ခင်နှင့် နို့ညှစ်ပြီး နောက် ကျွေးမွေးဖို့ရန် အလွန်လိုအပ်သည်။ ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးချင်းကို ဥစ္စာပစ္စည်းထုတ်လုပ်ရာ၌ အပြည့် အဝ ရိုင်းပင်းကူညီသင့်သည်။ သို့ရာတွင် ဥစ္စာပစ္စည်း

mgyoe.com

mgyoe.com
SAMPLE BOOK


အပေါ်၌ တစ်ဦးတည်း လက်ဝါးကြီးအုပ်ခြင်းမျိုး မပြုလုပ်သင့်ပေ။ မိမိတို့ ရှာဖွေစုဆောင်းရရှိထားသော ဥစ္စာဓနအစိတ်အပိုင်း အတော်များများကို လူ့အဖွဲ့အစည်းအတွက် အသုံးပြုရန် ပေးကမ်းလှူဒါန်းသင့်သည်။

လူ့အဖွဲ့အစည်း သို့မဟုတ် လူတန်းစားတစ်ခုခု (အလုပ်သမား လူတန်းစား စသည်)ထံမှ နို့ညှစ်ယူသင့်သည်။ သို့သော်လည်း ပြုစုကျွေးမွေးခြင်းကိုလည်း မပြုလုပ်ဘဲ မနေသင့်ပေ။ ဖိနှိပ်ချုပ်ချယ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းမျိုးကိုမူ မည်သည့်အခါမှ မပြုလုပ်သင့်ပေ။

မဟာတ္တမဂန္ဓီက ဤသို့ဆိုထားသည်။ "စီးပွားရေး သာတူညီမျှမှုအတွက် အလုပ်လုပ်ခြင်း၏ အနက်အဓိပ္ပာယ်မှာ အရင်း သို့မဟုတ် ဓနနှင့် လုပ်အား၏ အကြားတွင်ရှိသော အစဉ်ထာဝရ ပဋိပက္ခဖြစ်မှုကို အဆုံးသတ်ပစ်ရန် ဖြစ်သည်။ ယင်း၏ ဆိုလိုရင်း အနက်အဓိပ္ပာယ်မှာ တစ်ဖက်တွင် အရေအတွက်နည်းသော သူဌေးသူကြွယ်များ၏ လက်ထဲတွင် နိုင်ငံ၏ ဥစ္စာပစ္စည်း အစိတ်အပိုင်း အတော်များများ စုဝေးပေါင်းစုနေသည်ဖြစ်၍ ယင်းတို့၏ ဤမျှမြင့်မားနေသော အဆင့်ကို နိမ့်ကျစေပြီး အခြားတစ်ဖက်၌ ဝမ်းဝအောင် မစားရသော၊ ခါးလှအောင် မဝတ်ရသော

mgyoe.com

mgyoe.com
SAMPLE BOOK


ကုဋ္ဋေကုဋ္ဌာ လူပေါင်းများစွာတို့၏ အဆင့်ကို မြှင့်တင်ပေးခြင်းဖြစ်သည်။ သူဌေးသူကြွယ်များနှင့် ကုဋ္ဋေကုဋ္ဌာ စားရမဲ့၊ သောက်ရမဲ့ လူများ၏ကြားထဲတွင် ခြားထားသော ချောက်ကမ်းပါးကြီး ရှိနေသရွေ့ ငြိမ်းချမ်းသာယာသော၊ အကြမ်းဖက်မှုကင်းရှင်းသော အုပ်ချုပ်ရေးစနစ် တည်မြဲနေနိုင်ဖို့ မလွယ်ပေ။ အကယ်၍ သူဌေးသူကြွယ်များသည် မိမိတို့၏ စည်းစိမ်ဥစ္စာနှင့် စွမ်းအားကို မိမိတို့ဆန္ဒအလျောက် စွန့်လွှတ်ခြင်း မပြုလုပ်ဘဲ အားလုံး၏ ကောင်းကျိုးအတွက် ပြုလုပ်မည်မဟုတ်လျှင် တစ်နေ့နေ့၌ အကြမ်းဖက်သော၊ သွေးစွန်းသော၊ တော်လှန်ဆန့်ကျင်မှုမျိုး မဖြစ်ပေါ်ဘဲ နေမည်မဟုတ်ပေ။"

အကယ်၍ အချိန်ကာလ၏ သတိပေးချက်သို့မဟုတ် နာရီတီးသံကို သူဌေးသူကြွယ်များ သတိမပြုကြလျှင် သွေးစွန်းသော တော်လှန်ဆန့်ကျင်မှုအတွက် တာဝန်ရှိသူများ ဖြစ်လာကြလိမ့်မည်။ လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် အကျိုးရှိသော ခြေလှမ်းသည် သူဌေးသူကြွယ်များအတွက်လည်း ဆန့်ကျင်ဘက်ခြေလှမ်း ဖြစ်မလာနိုင်ပေ။ အကြမ်းဖက်မှု ပြုလုပ်ခြင်းအားဖြင့် ဖြစ်ပေါ်လာသော စနစ်သည် ငြိမ်းချမ်းမှုရှိသော စနစ်တစ်ခုလည်း ဖြစ်မလာ

mgyoe.com

mgyoe.com
SAMPLE BOOK


နိုင်ပေ။ အရှည်တည်တံ့ခိုင်မြဲသော စနစ်တစ်ခုလည်း ဖြစ်လာနိုင်မည် မဟုတ်ပေ။

လူတို့၏ ကိုယ်ခန္ဓာသည် သူတစ်ပါးအတွက် အကျိုးပြုရန်နှင့် လူတို့၏ ပစ္စည်းဥစ္စာကို သူတစ်ပါး အား ပေးကမ်းစွန့်ကြဲရန်ဟူသော အချက်ကို ယခုခေတ် သူဌေးသူကြွယ်များ မေ့မေ့လျော့လျော့ ဖြစ်နေကြ သည်။ ယခုခေတ်၌ရှိသော ပစ္စည်းဥစ္စာသည် ဖိနှိပ်ခြင်း၊ လက်ဝါးကြီးအုပ်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ ကျွန်ပြုခြင်း၊ မုန်းတီးခြင်း၊ ရွံရှာခြင်း၊ ဒေါသရှေ့ထားခြင်း၊ လူတန်း စားခွဲခြားခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ သွေးချောင်းစီးခြင်း တို့၏အကြောင်း ဖြစ်နေသည်။

ဥစ္စာပစ္စည်းသည် သူတစ်ပါးတို့ကို အကျိုးပြုရန် အတွက် ဖြစ်သည်။ ဥစ္စာပစ္စည်းကို စုဆောင်းသိုမှီးထား ခြင်းအားဖြင့် လူတို့သည် ငြိမ်းချမ်းမှု မရရှိနိုင်ပေ။ တချို့ဓမ္မကျမ်းဂန်များ၌ ဥစ္စာပစ္စည်းကို မိမိကိုယ်ကျိုး အတွက် စုဆောင်းသိုမှီးထားခြင်းသည် ပျက်စီးကျဆုံး မှု၏အကြောင်းဖြစ်သည်ဟူ၍ ပြောပြထားသည်။

**ဥစ္စာဓနသည် မည်သူ့ကိုမှ ကြွယ်ဝချမ်းသာ အောင် မပြုလုပ်နိုင်ပေ။ မိမိ၏ အတွင်း မနောက သာ လူကို ကြွယ်ဝချမ်းသာအောင် ပြုလုပ်နိုင် သည်။** (Money never made any man rich but

mgyoe.com

mgyoe.com
SAMPLE BOOK


his mind. Ben Jonson)

ခေါင်းပုံဖြတ်အမြတ်ကြီးစားလျက် မိမိတစ်ကိုယ်ကျိုးအတွက် စုဆောင်းသိုမှီးထားသော ဥစ္စာဓနသည် ဘ၀၏ ရည်မှန်းချက်ကို ဖြည့်ဆည်းမပေးနိုင်ပေ။ ထို့ကြောင့်ပင် ခရစ်တော်က "အပ်ပေါက်ထဲတွင် ကုလားအုတ်ဝင်၍ ရချင်ရနိုင်မည်ဖြစ်သော်လည်း ဥစ္စာပစ္စည်း ကြွယ်ဝသူများအနေနှင့် နတ်ပြည်၊ နတ်လောကရောက်သွားဖို့ မလွယ်ကူ"ဟု မိန့်တော်မူထားခြင်းဖြစ်သည်။ ယင်းအဆိုအမိန့်သည် ဥစ္စာဓန သိုမှီးသိမ်းဆည်းထားခြင်းကို ထိုးနှက်သော၊ ပေါက်ဆိန်နှင့်ပေါက်သော အဆိုအမိန့်ဖြစ်သည်။ ဝိဒုရနီတိ၌လည်း "သူတစ်ပါးတို့အား ဒုက္ခမပေးဘဲ လူမိုက်၏အိမ်သို့ သွားလာခြင်းမပြုဘဲ သူတော်ကောင်းတို့၏ လမ်းစဉ်ကို မချိုးဖျက်ဘဲ သမ္မာအာဇီဝနည်းဖြင့် ရရှိထားသော ဥစ္စာဓနကို အရေအတွက်နည်းသော်လည်း အရေအတွက်များသည်ဟူ၍ ထင်မှတ်ယူဆသင့်၏"ဟု မိန့်ဆိုထားသည်။

ရေတွင်းထဲကရေကို ခပ်မယူလျှင် ရေတွင်းထဲကရေ ပုပ်သွားနိုင်သည်။ ကျွန်ုပ်တို့အား ရေပေးသော မိုးတိမ်သည် အောက်ဘက်နိမ့်ကျမလာဘဲ အထက်သို့ မြင့်တက်သွားလိမ့်မည်။ ရေကိုမပေးသော ပင်လယ်

mgyoe.com

mgyoe.com
SAMPLE BOOK


သမုဒ္ဒရာကမူ နိမ့်ကျမြဲ နိမ့်ကျနေလိမ့်မည်။

လူနှစ်မျိုးနှစ်စား ရှိသည်။ တစ်မျိုးက ကွယ်လွန်သွားပြီးသည့်နောက်မှ ဥစ္စာစနေ ပေးကမ်းလှူဒါန်းသည်။ အခြား လူတစ်မျိုးက ဥစ္စာစနေ ပေးကမ်းလှူဒါန်းပြီးမှ ကွယ်လွန်သွားသည်။ ယင်းလူနှစ်မျိုး၏ ခြားနားချက်မှာ တစ်မျိုးက ဉာဏ်ပညာကင်းမဲ့သူဖြစ်ပြီး တစ်မျိုးက ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်သည်။ ကမ္ဘာလောက၌ ရာဂ သို့မဟုတ် တွယ်တာတပ်မက်ခြင်းနှင့်တူသော ဒုက္ခဟူ၍ မရှိပေ။ စာဂ သို့မဟုတ် ပေးကမ်းစွန့်ကြဲခြင်းနှင့်တူသော သုခဟူ၍ မရှိပေ။ (န ဟိ ရာဂ သမံ ဒုက္ခံ န ဟိ စာဂသမံသုခံ) ဥစ္စာစနေ ပေးကမ်းစွန့်ကြဲလျှင် ငြိမ်းချမ်းမှု ရရှိနိုင်သည်။

ဥစ္စာစနေ၏ သွားရာ၊ လားရာ လမ်းသုံးသွယ်ရှိသည်။ ပေးကမ်းစွန့်ကြဲခြင်း၊ သုံးဆောင်ခံစားခြင်း၊ ပျက်စီးဆုံးပါးခြင်းတို့ ဖြစ်ကြသည်။ လူ့အဖွဲ့အစည်း၏ အကျိုးအတွက် ပေးကမ်းစွန့်ကြဲခြင်းသည် ဥစ္စာစနေ၏ မြင့်မြတ်သော သွားရာ၊ လားရာဖြစ်သည်။ နှမြောတွန့်တိုသော လူတချို့သည် ဥစ္စာစနေကို မိမိတို့ကိုယ်တိုင်လည်း မသုံးဆောင် မခံစားကြပေ။ ပေးကမ်းစွန့်ကြဲခြင်းလည်း မပြုလုပ်ပေ။ ပျားတို့သည် ပျားရည်ကို စုဆောင်းထားကြသော်လည်း မိမိတို့ကိုယ်တိုင်ကမူ

mgyoe.com

mgyoe.com SAMPLE BOOK


ပျားရည်ကို မည်သည့်အခါမှ မစားသောက်ကြပေ။ စားသောက်ရန် ကြိုးစားအားထုတ်သူများကိုလည်း တုပ်ကြသည်။

နှမြောတွန့်တိုသူများသည် မိမိတို့ဥစ္စာဓနေ၏ ဒရဝမ်အဖြစ်နှင့် နေကြရင်း ကွယ်လွန်သေဆုံးသွားကြသည်။ ထမင်းနပ်မှန် မစားရသူများအတွက် ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားမှု မပြုသူများသည်လည်းကောင်း၊ ပေးနိုင်ကမ်းနိုင်သည့် အနေအထားရှိသော်လည်း ဝမ်းဝအောင် မစားရသူများနှင့် ခါးလုံအောင် မဝတ်ရသူများအား ကူညီရိုင်းပင်းမှု မပြုသောသူတို့သည်လည်းကောင်း လူ့အသွင်အပြင်နှင့် ရှိနေသော်လည်း ဘီလူးသဘက်သာလျှင် ဖြစ်သည်။ ဂိုးလ်စမစ်က "တစ်ဖက်၌ လူတချို့၏ လက်ထဲတွင် ဥစ္စာဓနစုပုံနေပြီး အခြားတစ်ဖက်၌မူ လူပေါင်းများစွာတို့သည် အငတ်ငတ်အပြတ်ပြတ်နှင့် ဆုံးပါးပျက်စီးကုန်ကြ၏။ ထို့ကြောင့် တိုင်းပြည်နိုင်ငံ၌ အမျက်ဒေါသနှင့် မကောင်းမှုများ တိုးပွားများပြားနေကြ၏ "ဟု ဆိုထားသည်။

"I'll fares the land, to hastening
ills a prey Where wealth
accumulates and men decay."
Goldsmith

mgyoe.com